အဆင့် 1၊ ပြုပြင်မွမ်းမံပြီး အဆင့် 1 နှင့် စီးပွားရေး လုပ်ငန်းရှင်များအတွက် အဆင့် 2 COVID-19 လမ်းညွှန်စာစောင်

ဤစာရွက်စာတမ်းတွင် Washington's Safe Start ပဏာမခြေလှမ်းအရ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းစာရင်းကို သင်တွေ့ရှိနိုင်သည်။ သင့်အနေဖြင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အလေ့အထများနှင့် ဆက်စပ်နေသောအချက်များ အောက်တွင် အထွေထွေ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သတ်မှတ်ချက်များကိုလည်း တွေ့ရှိနိုင်သည်။

ယခင်က မုချလိုအပ်သည်ဟု ယူဆသော သို့မဟုတ် တစ်နည်းအားဖြင့် တရားဝင်ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းတွင် မပါဝင်ကြောင်း သတိပြုပါ။ မုချလိုအပ်သော စီးပွားရေးလုပ်ငန်းများ စာရင်းကို ဤနေရာတွင် တွေ့ရှိနိုင်သည်။

လက်ရှိ အဆင့်အရ စီရင်စုများ၏ စာရင်းကို ဤနေရာတွင် တွေ့ရှိနိုင်သည်။ Proclamation 20-25.4 အရ အချို့သော လုပ်ငန်းများသည် ပြုပြင်မွမ်းမံပြီး အဆင့် 1 အစောပိုင်းတွင် ဖွင့်လှစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ အချို့သော စီရင်စုများသည် အဆင့် 2 သို့ တိုက်ရိုက်သွားနိုင်ပါသည်။ ထို့ကြောင့် ပြုပြင်မွမ်းမံပြီး အဆင့် 1 နှင့် အဆင့် 2 တို့အတွက် စည်းမျဉ်းများ တူနေညီလျှင်ပင် ဤစာရွက်စာတမ်းတွင် အဆင့် 1၊ ပြုပြင်မွမ်းမံပြီး အဆင့် 1 နှင့် အဆင့် 2 နှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြပေးထားပါသည်။

အဆင့်အလိုက် ဖွင့်လှစ်ရန် လုပ်ငန်းများ

<u>ဆောက်လုပ်ရေးလုပ်ငန်း</u>

ဆောက်လုပ်ရေးလုပ်ငန်းတွင် စီးပွားဖြစ် အဆောက်အအုံများ၊ လူနေထိုင်ရာ အဆောက်အအုံများနှင့် နိစ္စဓူဝ မြေယာရှုခင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အဆောက်အအုံ ပြုပြင်ခြင်း၊ ပုံစံပြင်ဆင်ခြင်းနှင့် အသစ်ပြုပြင်ဆောက်လုပ်ခြင်းများလည်း ပါဝင်သည်။

ယခင်က ခွင့်ပြုထားသော ဆောက်လုပ်ရေးလုပ်ငန်းတွင် မုချလိုအပ်သော စီးပွားရေးလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများနှင့် ဝင်ငွေနည်း အိမ်ရာအတွက် အများသုံး ငွေကြေးထောက်ပံ့ရာတွင် အသုံးပြုမည့် မည်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းမဆို ပါဝင်ပြီး စွန့်ပစ်ပစ္စည်းများကို တားဆီးရန်၊ ပျက်စီးမှုများကို ပြင်ဆင်ရန် သို့မဟုတ် အန္တရာယ်များသော အခြေအနေများကို ဖြေရှင်းရန် လိုအပ်သော အလုပ်များပါဝင်သည်။

အသစ်ခွင့်ပြုထားသော ဆောက်လုပ်ရေးလုပ်ငန်းတွင် လူနေအိမ်ဆောက်လုပ်ရေးလုပ်ငန်း အများစုနှင့် မုချလိုအပ်ခြင်း မရှိသော စီးပွားဖြစ် ဆောက်လုပ်ရေးများ ပါဝင်သည်။

အဆင့် 1- ယခင်က ခွင့်ပြုချက်မရှိခဲ့သော ဆောင်ရွက်ဆဲ ဆောက်လုပ်ရေး စီမံကိန်းများ ပြန်လည်စတင်နိုင်သည်။ "ဆောင်ရွက်ဆဲ" ဖြစ်ရန်အတွက် စီမံကိန်းသည် ခွင့်ပြုချက် ရရှိထားသည့် သို့မဟုတ် စာချုပ်ချုပ်ဆိုထားသည့် စီမံကိန်း ဖြစ်ရမည်။

ပြုပြင်မွမ်းမံပြီး အဆင့် 1 နှင့် အဆင့် 2 - ဆောက်လုပ်ရေးလုပ်ငန်းများအားလုံး ပြန်လည်စတင်နိုင်သည်။

ပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ

ပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများတွင် စာရင်းကိုင်များ၊ ရှေ့နေများ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ၊ ဘဏ္ဍာရေး အကြံပေးများ၊ သတင်းအချက်အလက်ပညာရှင်များ၊ အာမခံ ကိုယ်စားလှယ်များ၊ အခွန်ကောက်ခံသူများနှင့် အမှုသည်များကို ဝန်ဆောင်မှုပေးရသည့် သဘာဝရှိသော အခြား ရုံးခန်းအခြေပြု အလုပ်အကိုင်များ ပါဝင်သည်။

အဆင့် 2- ယခင်က ခွင့်ပြုမထားသော သို့မဟုတ် မုချလိုအပ်သည်ဟု မယူဆသော ပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးကို ပြန်လည်စတင်ခွင့်ပြုသည်။

အိမ်တွင်း/အိမ်ထောင်စုတွင်း ဝန်ဆောင်မှုများ

အိမ်တွင်း/အိမ်ထောင်စု ဝန်ဆောင်မှုများတွင် ကလေးထိန်းများ၊ အိမ်သန့်ရှင်းရေးသမားများ၊ ချက်ပြုပ်သူများ၊ စားဖိုမှူးများနှင့် အိမ်ထောင်စု စီမံခန့်ခွဲသူများကဲ့သို့ အိမ်ထောင်မှုအကူ ဝန်ဆောင်မှုပေးသူများ ပါဝင်သည်။ ၎င်းတို့တွင် မြေယာရှုခင်းနှင့် ပြင်ပ ပြုပြင်ထိန်းသိမ်းရေး စည်းမျဉ်းများအောက်တွင် အကျုံးဝင်သော ဥယျာဉ်မှူးများ သို့မဟုတ် အိမ်တွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်သားများ မပါဝင်ပါ။

အဆင့် 2- အိမ်တွင်း/အိမ်ထောင်စုတွင်း ဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်သည်။

ကိုယ်ရေး ဝန်ဆောင်မှုများ

ကိုယ်ရေး ဝန်ဆောင်မှုများတွင် အလှကုန်ဆိုင်ရာ ပညာရှင်များ၊ ဆံပင်အလှပြင် ပညာရှင်များ၊ ဆံသဆရာများ၊ အလှဖန်တီးရှင်များ၊ အလှဖန်တီးရှင်ဆရာများ၊ လက်သည်းအလှပြင်သူများ၊ လက်သည်းအလှပြင်ဆိုင် လုပ်သားများ၊ လျှပ်စစ်ပညာရှင်များ၊ အမြဲတမ်း မိတ်ကပ်ပညာရှင်များနှင့် တက်တူးအနုပညာရှင်များ ပါဝင်သည်။

ပြုပြင်မွမ်းမံပြီး အဆင့် 1- ကိုယ်ရေး ဝန်ဆောင်မှုများသည် အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 25 ရာခိုင်နှုန်း ထားရှိပြီး ပြန်လည်စတင်နိုင်သည်။

အဆင့် 2 - ကိုယ်ရေး ဝန်ဆောင်မှုများသည် အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 50 ရာခိုင်နှုန်းဖြင့် ပြန်လည်စတင်နိုင်သည်။

ပြင်ပ မြေယာရှုခင်းဆောင်ရွက်နှင့် ပြုပြင်ထိန်းသိမ်းခြင်း

ပြင်ပ မြေယာရှုခင်းဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတွင် ဥယျာဉ်စိုက်ပျိုးခြင်း၊ မြက်ရိတ်ခြင်းနှင့် သစ်ပင်စောင့်ရှောက်ခြင်း၊ ပြတင်းပေါက်များကို စွမ်းအင်သုံးဆေးကြောခြင်း၊ ခေါင်မိုးသန့်ရှင်းရေးပြုလုပ်ခြင်း၊ အိမ်ပြင်ပ ရှင်းလင်းသုတ်သင်ခြင်းနှင့် အခြားသော အလားတူလုပ်ဆောင်မှု အများအပြားပါဝင်သည်။

အဆင့် 1- မြေယာရှုခင်းဆောင်ရွက်ခြင်းနှင့် ပြင်ပ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအားလုံး ပြန်လည်စတင်နိုင်သည်။

စားသောက်ဆိုင်များ

စားသောက်ဆိုင်များတွင် ပုံမှန်အတိုင်း ဆိုင်တွင်စားရသော စားသောက်ဆိုင်များ၊ အလျင်အမြန် ဝန်ဆောင်မှုပေးသော အစားအသောက် လုပ်ငန်းများ၊ အထိုင်နှင့် ရွှေ့လျား အစားအသောက်ထရပ်ကားများ၊ ဟိုတယ် စားဖိုဆောင်များနှင့် လုပ်ငန်းခွင် ကိုယ်တိုင်ယူစားသောက်ဆိုင်များ ပါဝင်သော်လည်း ကန့်သတ်မထားသည့် အခြား ကြိုတင်ပြင်ဆင်ထားသော

အစားအစာ လုပ်ငန်းများ၊ ကော်ဖီဆိုင်များ၊ ဖျော်ရည်ဘားများနှင့် အရက်မဟုတ်သည့် အဖျော်ယမကာများကို အထူးပြုထားသော အခြားစီးပွားရေးလုပ်ငန်းများ၊ ဘီယာချက်စက်ရုံများ၊ အများသူငါသွားလာနိုင်သည့် ဆိုင်များနှင့် အခြား အရက် ပုလင်း၊ ဗူး စသည်တို့ကို ဖွင့်လှစ်ရောင်းချသော စီးပွားရေးလုပ်ငန်းများ ပါဝင်သည်။

အဆင့် 1 - ထုပ်ပိုး ယူဆောင်ခြင်းနှင့် အိမ်အရောက်ပို့ဆောင်ခြင်းကိုသာ ခွင့်ပြုသည်။

ပြုပြင်မွမ်းမံပြီး အဆင့် 1 - ပေါ်တီကို၏ လူဝင်ဆံ့နိုင်မှုပမာဏ 50 ရာခိုင်နှုန်းဖြင့် အဆောက်အဦပြင်ပ စားသောက်ခြင်းကို ပြန်လည်စတင်နိုင်ပါသည်။ စားပွဲဝိုင်းများကို ဧည့်သည် ငါးဦးနှင့် အောက်အတွက်သာ ကန့်သတ်ထားရမည်။ ဘား-ပုံစံ ထိုင်ခြင်းကို ခွင့်ပြုမထားပါ။

အဆင့် 2 - အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 50 ရာခိုင်နှုန်းဖြင့် အဆောက်အဦအတွင်း စားသောက်ခြင်းကို ပြန်လည်စတင်နိုင်သည်။ အိမ်ပြင်ပတွင် စားသောက်သည့်အခါ ပေါ်တီကို၏ လူဝင်ဆံ့နိုင်မှုပမာဏ 50 ရာခိုင်နှုန်းသာ ထားရှိရမည်။ စားပွဲဝိုင်းများကို ဧည့်သည် ငါးဦးနှင့် အောက်အတွက်သာ ကန့်သတ်ထားရမည်။ ဘား-ပုံစံ ထိုင်ခြင်းကို ခွင့်ပြုမထားပါ။

အဆင့် 3 - အဆောက်အဦ အတွင်းနှင့် အပြင်တွင် စားသောက်ခြင်းကို လူဝင်ဆံ့နိုင်မှုပမာဏ၏ 75 ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်သည်။ စားပွဲဝိုင်းများကို ဧည့်သည် 10 ဦးနှင့် အောက်အတွက် တိုးမြှင့်ပေးထားသည်။ ထိုင်စရာနေရာ၏ 25% ကိုသာ ထိုင်ခွင့်ပေးပြီး ဘား-ပုံစံ ထိုင်ခြင်းကို ပြန်လည်စတင်နိုင်သည်။

<u>လက်လီ အရောင်းဆိုင်များ</u>

လက်လီ အရောင်းဆိုင်များတွင် မုချလိုအပ်သော လုပ်ငန်းများဖြစ်သည့် ကုန်စုံဆိုင်များ၊ စူပါမားကက်များနှင့် အလွယ်တကူ ဝယ်ယူနိုင်သော စတိုးဆိုင်များ၊ အချို့သော အရက်၊ ဆေးခြောက်နှင့် ဆေးရွက်ကြီးဆိုင်များနှင့် ပရိဘောဂဆိုင်များ၊ ရုံးသုံးပစ္စည်း စတိုးဆိုင်များ၊ မော်တော်ကား အပိုပစ္စည်းဆိုင်များ၊ အိမ်မွေးတိရစ္ဆာန် ထောက်ပံ့ပစ္စည်း စတိုးဆိုင်များ၊ ဥယျာဉ် စတိုးဆိုင်များနှင့် အိမ်သုံးပစ္စည်း လက်လီအရောင်းဆိုင်များ ပါဝင်သည်။

လက်လီအရောင်းဆိုင်များတွင် မုချလိုအပ်ခြင်း မရှိသော လုပ်ငန်းများဖြစ်သည့် အခြား လက်လီဆိုင် "အကြီးစားများ" ၊ အမျိုးအစားစုံလင်စွာရနိုင်သော ကုန်စုံဆိုင်ကြီးများ၊ အားကစားပစ္စည်းဆိုင်များ၊ ဖက်ရှင်ဆိုင်များနှင့် ကုန်ပစ္စည်းများကို အများပြည်သူနှင့် ဖလှယ်သည့် အခြား မည်သည့် ရုပ်ပိုင်းဆိုင်ရာ တည်နေရာမဆို ပါဝင်သည်။

အဆင့် 1 - မုချလိုအပ်ခြင်းမရှိသော လက်လီရောင်းချခြင်းသည် အွန်လိုင်းမှ ရွေးချယ်ဝယ်ယူ၍ လာရောက်ယူဆောင်ခြင်းနှင့် အီလက်ထရောနစ်နည်းဖြင့် ရောင်းဝယ်မှုကို ပြန်လည်စတင်နိုင်သည်။ မုချလိုအပ်သော လက်လီရောင်းချခြင်းများသည် အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 30 ရာခိုင်နှုန်းဖြင့် ဆိုင်အတွင်းတွင် ဆက်လက်ရောင်းချနိုင်သည်။

ပြုပြင်မွမ်းမံထားသော အဆင့် 1 - မုချလိုအပ်ခြင်းမရှိသော လက်လီရောင်းချခြင်းသည် အဆောက်အအုံ၏ လူဝင်ဆံ့မှုပမာဏ 15 ရာခိုင်နှုန်းဖြင့် ဆိုင်အတွင်းတွင် ပြန်လည်ရောင်းချနိုင်သည်။ မုချလိုအပ်သော လက်လီရောင်းချခြင်းသည် အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 30 ရာခိုင်နှုန်းဖြင့် ဆက်လက်ရောင်းချနိုင်သည်။

အဆင့် 2 - လက်လီရောင်းချမှု အားလုံးသည် အဆောက်အအုံ၏ လူဝင်ဆံ့နိုင်မှုပမာဏ 30 ရာခိုင်နှုန်းဖြင့် ဆက်လက်ရောင်းချနိုင်သည်။

ကုန်ထုတ်လုပ်မှု

ကုန်ထုတ်လုပ်မှုတွင် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း သို့မဟုတ် တပ်ဆင်ခြင်း ပြုလုပ်သည့် လုပ်ငန်းများအားလုံး ပါဝင်သည်။

အဆင့် 2 - မုချလိုအပ်ခြင်း မရှိသော ကုန်ထုတ်လုပ်မှုများ ပြန်လည်စတင်နိုင်သည်။

မော်တော်ယာဉ်နှင့် ရေယာဉ် ရောင်းချမှုများ

မော်တော်ယာဉ်နှင့် ရေယာဉ် ရောင်းချမှုများတွင် မော်တော်ကားများ၊ ကုန်တင်ကားများ၊ ဗန်ကားများ၊ ORVs၊ ATVs၊ UTVs နှင့် WATVs များ အစရှိသည့် မော်တော်ဆိုင်ကယ်များ၊ ရွက်လှေများ၊ ယာယီတံတားကို ထောက်ကန်ထားရန် အသုံးပြုသည့်လှေများ၊ အရန်အင်ဂျင်ပါသည့် ရွက်လှေများနှင့် အခြား စက်တပ်ရေယာဉ်များနှင့် အခြား စက်တပ်ယာဉ်များ အားလုံးပါဝင်သည်။

အဆင့် 1 - မော်တော်ယာဉ်နှင့် ရေယာဉ် ရောင်းချမှုများ ပြန်လည်စတင်နိုင်သည်။

အခြား စက်မှုလုပ်ငန်းများ

ကားရေဆေးဆိုင်များ - ကားရေဆေးဆိုင်များသည် အဆင့် 1 တွင် ပြန်လည်စတင်နိုင်သည်။

အစိုးရ ဝန်ဆောင်မှုလုပ်ငန်းများ - မုချလိုအပ်သော အစိုးရဝန်ဆောင်မှုလုပ်ငန်းများသည် အဆင့်များအားလုံးတွင် လုပ်ငန်းလည်ပတ်နိုင်ပြီး မုချလိုအပ်ခြင်းမရှိသော အစိုးရဝန်ဆောင်မှုလုပ်ငန်းများသည် အဆင့် 3 တွင် ပြန်လည်စတင်နိုင်သည်။

အိမ်မွေးတိရစ္ဆာန် စောင့်ရှောက်မှု - ပြုပြင်မွမ်းမံထားသော အဆင့် 1 တွင် အိမ်မွေးတိရစ္ဆာန်စောင့်ရှောက်မှုကို အဆောက်အအုံ၏ ဝင်ဆံ့နိုင်မှုပမာဏ 25 ရာခိုင်နှုန်းဖြင့် ပြန်လည်စတင်နိုင်သည်။ အဆင့် 2 တွင် အိမ်မွေးတိရစ္ဆာန် စောင့်ရှောက်မှုကို အဆောက်အအုံ၏ ဝင်ဆံ့နိုင်မှုပမာဏ 50 ရာခိုင်နှုန်းဖြင့် ပြန်လည်စတင်နိုင်သည်။

အိမ်မွေးတိရစ္ဆာန် လမ်းလျှောက်ထွက်ခြင်း - အိမ်မွေးတိရစ္ဆာန် လမ်းလျှောက်ထွက်ခြင်းကို အဆင့် 1 တွင် ပြန်လည်စတင်နိုင်သည်။

အိမ်ရာအဆောက်အအုံ စီမံခန့်ခွဲမှုနှင့် အိမ်ခြံမြေ ရောင်းချမှုများ - အိမ်ရာအဆောက်အအုံ စီမံခန့်ခွဲမှုနှင့် အိမ်ခြံမြေ ရောင်းချခြင်းသည် မုချလိုအပ်ပြီး အဆင့်အားလုံးတွင် လုပ်ငန်းလည်ပတ်နိုင်သည်။

အပန်းဖြေ လှုပ်ရှားမှုများ - အပန်းဖြေ လှုပ်ရှားမှုများတွင် အဆင့် 1 ၌ ခွင့်ပြုထားသော လှုပ်ရှားမှု အချို့နှင့် နောက်အဆင့်များ ရောက်သည်အထိ စောင့်ရမည့် အခြားလှုပ်ရှားမှုများ ပါဝင်သည်။

စာကြည့်တိုက်များ၊ ပြတိုက်များနှင့် ကဇာတ်ရုံများ - အဆင့် 3၊ စာကြည့်တိုက်များသည် အဆင့် 2 တွင် အွန်လိုင်းမှ ရွေးချယ်ငှားရမ်းပြီး လာရောက်ယူဆောင်သည့် နည်းလမ်းဖြင့် ပြန်လည်စတင်နိုင်သည်။

အထွေထွေကျန်းမာရေးနှင့် ဘေးကင်းရေး သတ်မှတ်ချက်များ

စက်မှုလုပ်ငန်း အတော်များများတွင် တိကျသော အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များရှိသည်။ သတ်မှတ်ချက်များကို ပိုမိုသိရှိလိုပါက ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်။ နောက်ထပ်

ကျန်းမာရေး လမ်းညွှန်ချက်များအတွက် ကျေးဇူးပြု၍ Washington Department of Health ဝက်ဘ်ဆိုက်တွင် ကြည့်ရှု စစ်ဆေးပါ။

အောက်ဖော်ပြပါ အခြေခံမူများသည် ဤစာရွက်စာတမ်းရှိ လုပ်ငန်းအများအပြားအပေါ် သက်ဆိုင်မှု ရှိပါသည်-

1. စီးပွားရေး လုပ်ငန်းအားလုံးတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် အမျိုးမျိုးအတွက် ပြည်နယ်နှင့် ဖယ်ဒရယ် ဥပဒေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စည်းမျဉ်းများနှင့် အညီ လုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော အဆောက်အအုံများကို ထိန်းသိမ်းထားရန် ယေဘုယျအားဖြင့် တာဝန်ရှိသည်။

2. အလုပ်ရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် ဝန်ထမ်းများကို ကာကွယ်ပေးရန် ပင်မ L&I COVID-19 သတ်မှတ်ချက်များကို လိုက်နာကြောင်း သေချာစေရမည်။ အထူးသဖြင့်-

   a) ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း၊ ရောဂါပျံ့နှံ့မှုကို ကာကွယ်ရမည့်နည်းနှင့် အလုပ်ရှင်များ၏ COVID-19 မူဝါဒများနှင့်ပတ်သက်၍ ဝန်ထမ်းများအနေဖြင့် အကောင်းဆုံးနားလည်စေမည့် ဘာသာစကားကို အသုံးပြုပြီး ပညာပေးပါ။

   b) ဝန်ထမ်းများအားလုံးနှင့် ဖောက်သည်များအကြား အပြန်အလှန်ဆက်ဆံသည့် အချိန်တိုင်းတွင် အနည်းဆုံးခြောက်ပေ ခွာထားပါ။ သတ်မှတ်ထားသည့် လုပ်ငန်းတစ်ခုအတွက် ရုပ်ပိုင်းဆိုင်ရာအကွာအဝေးကို တင်းတင်းကျပ်ကျပ် မလိုက်နာနိုင်ပါက အတားအဆီးများ ထားရှိအသုံးပြုခြင်း၊ ဝန်ထမ်းများ သို့မဟုတ် ဖောက်သည်များအကြား ကျဉ်းမြောင်းသည့် ဧရိယာများ သို့မဟုတ် ကာရံထားသည့် ဧရိယာများ ထားရှိကာ အရေအတွက် လျှော့ချခြင်း၊ အားလပ်ချိန်မထပ်အောင်စီမံခြင်းနှင့် အဆိုင်းဖြင့် အလုပ်လုပ်မှုကိုစတင်ခြင်း စသည့် အခြား ကာကွယ်ရေး အစီအမံများ အသုံးပြုရန် လိုအပ်ပါသည်။

   c) လုပ်ဆောင်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် လိုအပ်သလို သို့မဟုတ် သင့်လျော်သလို လက်အိတ်များ၊ မျက်မှန်များ၊ မျက်နှာအကာဒိုင်းများနှင့် မျက်နှာဖုံးများ စသည့် တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းကိရိယာများ (PPE) ကို ဝန်ထမ်းများအတွက် အခမဲ့ ပံ့ပိုးပေးရမည်ဖြစ်ပြီး ဝတ်ဆင်ရမည်ဟု သတ်မှတ်ထားရမည်။ အိမ်တွင်း/အိမ်ထောင်စုတွင်းဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများသည် ထိုသို့ဆောင်ရွက်ရန်မလိုအပ်ပါ။

   Department of Labor & Industries က ဝန်ထမ်းများနှင့် ထိတွေ့ရန်အတွက် ကာကွယ်ရေးအဆင့် မြင့်မားစွာ လိုအပ်သည်ဟု ပြဋ္ဌာန်းမထားလျှင် အလုပ်ခွင်ရှိ ဝန်ထမ်းတိုင်းသည် မျက်နှာဖုံးအဝတ်များကို ဝတ်ဆင်ရပါမည်။ ဝန်ထမ်းတစ်ဦးသည် ရုံး၊ မော်တော်ယာဉ် သို့မဟုတ် အလုပ်ခွင်တွင် တစ်ဦးတည်း အလုပ်လုပ်လျှင်သော်လည်းကောင်း၊ ဝန်ထမ်းတစ်ဦးသည် နားမကြားသူ သို့မဟုတ် ကြားရန်ခက်ခဲနေသူ သို့မဟုတ် ပြောဆိုဆက်သွယ်ရာတွင် မျက်နှာအမူအရာ၊ ပါးစပ်လှုပ်ရှားမှုနှင့် မျက်နှာပေါ် ရှိ အမှတ်အသားများစသည့် ဘာသာစကား အချက်ပြမှုများအပေါ် မှီခိုနေသူတစ်ဦးနှင့် ဆက်သွယ်ဆောင်ရွက်နေရလျှင်သော်လည်းကောင်း၊ ဝန်ထမ်းသည် မျက်နှာအကာအကွယ်များ ဝတ်ဆင်ရန် မသင့်တော်သည့် ဆေးကုသမှု ခံယူနေသူ သို့မဟုတ် မသန်မစွမ်းသူ ဖြစ်နေလျှင်သော်လည်းကောင်း ထိုသို့ဆောင်ရွက်ရန်မလိုအပ်ပါ။

နှောက်ထပ်အသေးစိတ်သိရှိရန်အတွက် ကိုရိုနာဗိုင်းရပ်စ် မျက်နှာဖုံးနှင့် နှာခေါင်းစည်းဆိုင်ရာလိုအပ်ချက်များကို ဖတ်ရှုပါ။ မျက်နှာဖုံးအဝတ် ဝတ်ဆင်ခြင်းကို Department of Health guidance https://www.doh.wa.gov/Portals/1/Documents/1600/ coronavirus/ ClothFacemasks.pdf တွင်ဖော်ပြထားပါသည်။

d) လက်များကို မကြာခဏ ထိထိရောက်ရောက် ဆေးကြောရန်လိုအပ်ပြီး လုံလောက်သည့် အထောက်အပံ့ပစ္စည်းများ အသုံးပြုကြောင်း သေချာပါစေ။ မျှဝေသုံးစွဲရသည့် လက်သုံးကိရိယာများ သို့မဟုတ် အခြားပစ္စည်းများပေါ်တွင် ရောဂါပိုးပျံ့နှံ့မှုကာကွယ်ရန် လုံလုံခြုံခြုံအသုံးပြုနိုင်သည့် တစ်ခါသုံးလက်အိတ်များကို အသုံးပြုပါ။

e) အများထိတွေ့ရသည့် မျက်နှာပြင်များအပေါ်ကို အထူးအလေးပေး၍ မကြာခဏ သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းများပါဝင်သည့် နေရာထိုင်ခင်း ထိန်းသိမ်းသန့်ရှင်းရေး အစီအစဉ်ကို ချမှတ်ပါ။

f) အလုပ်အဆိုင်းစတင်ချိန်တွင် COVID-19 ရောဂါ သင်္ကေတများ/ရောဂါလက္ခဏာများ ရှိ၊ မရှိ ဝန်ထမ်းများကို စစ်ဆေးပါ။ ဝန်ထမ်းများသည် နေမကောင်းဖြစ်နေလျှင် သို့မဟုတ် ဖျားနာပုံရလျှင် ၎င်းတို့ကို အိမ်မှာနေခိုင်းပါ သို့မဟုတ် အိမ်သို့ ချက်ချင်းပြန်ခိုင်းပါ။ COVID-19 ရောဂါ ဖြစ်နိုင်ခြေရှိသည့် သို့မဟုတ် အတည်ပြုထားသည့် ဖျားနာသူ ဝန်ထမ်းတစ်ဦး အလုပ်လုပ်ခဲ့သည့် နေရာများ၊ ထိတွေ့ခဲ့သည့် မျက်နှာပြင်များစသည့် နေရာနှင့် ပစ္စည်းအားလုံးကို သန့်ရှင်းပြီး ပိုးမသတ်ရသေးမချင်း ထိတွေ့ဝင်ရောက်ခွင့် မပေးဘဲ ပိတ်ထားပါ။ ထိထိရောက်ရောက် သန့်ရှင်းရန်နှင့် ပိုးသတ်ရန်အတွက် CDC က သတ်မှတ်ထားသည့် သန့်ရှင်းရေးလမ်းညွှန်ချက်များကို လိုက်နာပါ။

g) စီးပွားရေးလုပ်ငန်းများ၏ဝင်ပေါက်တွင် ဖောက်သည်များကို အဝတ်မျက်နှာဖုံးများ ဝတ်ဆင်ရန် ပြင်းပြင်းထန်ထန် တိုက်တွန်းထားသည့် ဆိုင်းဘုတ်တစ်ခုထားခြင်းဖြင့် စတိုးဆိုင်ထဲ ဝင်ရောက်လာသူများ ချက်ချင်းသတိထားမိအောင် လုပ်ဆောင်ပါ။ အလုပ်ရှင်များအနေဖြင့် ဝန်ထမ်းများကိုကာကွယ်ရန်အတွက် ဖောက်သည်များကို မျက်နှာဖုံးအဝတ်များဝတ်ဆင်ရန် သတ်မှတ်ထားသင့်ပါသည်။

3. COVID-19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည် ဘေးအန္တရာယ်များအပါအဝင် မလုံခြုံသည့် အလုပ်ကိုလုပ်ရန် ဝန်ထမ်းတစ်ဦးအနေဖြင့် ငြင်းဆန်နိုင်ပါသည်။ ဘေးကင်းရေးအတွက် ကာကွယ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်ရသော ဝန်ထမ်း၏ အလုပ်ကို ငြင်းဆန်မှုသည် သတ်မှတ်ချက်အချို့နှင့်ကိုက်ညီလျှင် အလုပ်ရှင်တစ်ယောက်အနေဖြင့် ၎င်းအပေါ် ဥပဒေအရ အရေးယူ၍ မရပါ။

COVID-19 ရောဂါနှင့် ထိတွေ့မှုအန္တရာယ်ကြောင့် အလုပ်လုပ်ရန် ဘေးကင်းသည်ဟု ယုံကြည်မှုမရှိသောကြောင့် အလုပ်ခွင်တစ်ခုမှ ထွက်ခွာရန် ရွေးချယ်သည့် ဝန်ထမ်းများအနေဖြင့် ခွင့်အချို့ သို့မဟုတ် အလုပ်လက်မဲ့ခံစားခွင့်များ ရရှိနိုင်ပါသည်။

အခြားရွေးချယ်စရာ အလုပ်အစီအစဉ်တစ်ခုမရှိလျှင် အလုပ်ရှင်များသည် Proclamation 20-46 အောက်တွင် အကျုံးဝင်သော အန္တရာယ်မြင့်မားသည့် ဝန်ထမ်းများအား အလုပ်ရှင်က ခွင့်ပြုထားသည့် ခွင့် သို့မဟုတ် အလုပ်လက်မဲ့ခံစားခွင့်များ စုပေါင်းရရှိရန် ၎င်းတို့ကို ရွေးချယ်ခွင့် ပေးရမည်။